**OFFICE OF THE SUPREME HEADQUARTERS**
**KAREN NATIONAL UNION**
**KAWTHOOLEI**
**www.karennationalunion.net**

# သတင်းထုတ်ပြန်ကြေညာချက်

## အပစ်အခတ်ရပ်စဲခြင်းသည် ငြိမ်းချမ်းရေးမဟုတ် – ခိုင်မြဲသောငြိမ်းချမ်းရေးရရှိနိုင်ရန် အခြေခံအကျဆုံးသော အဆင့်များကို ကရင်အမျိုးသားအစည်းအရုံး ထုတ်ဖော်ကြေညာ

ဖေဖော်ဝါရီလ (၂၂) ရက် ၂၀၁၂ ခုနှစ်

ယနေ့ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် စစ်မှန်၍ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေး ရရှိနိုင်ရန် မရှိမဖြစ်လိုအပ်သော အဆင့် (၄) ဆင့်ပါ လမ်းပြမြေပုံကို KNU ကရင်အမျိုးသားအစည်းအရုံးမှ ထုတ်ဖော်ကြေညာခဲ့သည်။ ၄င်းတို့မှာ

(၁) ပဏာမအပစ်အခတ်ရပ်စဲရေးအဆင့်
(၂) ခိုင်မာသည့်အပစ်အခတ်ရပ်စဲရေးအဆင့်
(၃) ကနဦးနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု၊ အခြေခံနိုင်ငံရေးပြဿနာများကိုအဖြေရှာရေးနှင့် အမျိုးသားပြန်လည် သင့်မြတ် ရေး
(၄) နိုင်ငံရေးအရပူးပေါင်းပါဝင်ခြင်း တို့ဖြစ်သည်။

ဤလမ်းပြမြေပုံကို သမ္မတဦးသိန်းစိန်၏ မိန့်ခွန်းတွင် ရှင်းလင်းပြောဆိုထားသော "ထာဝရငြိမ်းချမ်းရေး" မျှော်မှန်းချက်အပေါ် အခြေခံ၍ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ သမ္မတမှ "နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်သွားရန် အထူးပင်လိုအပ်လှပေသည်" ဟူ၍ အသိအမှတ်ပြု ပြောဆိုခဲ့သည်။ သို့သော် အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းဖြင့် သမ္မတဦးသိန်းစိန်ချမှတ်ထားသော ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရန် မလုံလောက်ပေ။

KNU ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး နော်ဇီပိုးရာစိန်က ယနေ့သတင်းစာရှင်းလင်းပွဲတွင် "KNU အနေနဲ့ သမ္မတဦးသိန်းစိန်ရဲ့ ပြည်ထောင်စုနေ့မိန့်ခွန်းကို ကြိုဆိုပါတယ်။ ဒါပေမယ့် တိုင်းရင်းသားလူမျိုးစုတွေက အမျိုးသားတန်းတူညီမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေအပေါ် အခြေခံတဲ့ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ အရင်တုန်းက အပစ်အခတ်ရပ်စဲရေးတွေက တိုင်းရင်းသားပြည်သူတွေရဲ့ နိုင်ငံရေးမျှော်မှန်းချက်ကို ကိုင်တွယ်ဖြေရှင်းပေးတာမျိုး မရှိခဲ့လို့ အောင်မြင်မှုမရှိခဲ့ဘူး" ဟု ပြောဆိုခဲ့သည်။

လက်နက်ဖျက်သိမ်းရေးသဘောတူညီချက်ချည်း မဟုတ်သော နိုင်ငံရေးသည် ခိုင်မြဲသောငြိမ်းချမ်းရေး၏ ဗသော့ချက်ဖြစ်သည်ဟု KNU ကရင်အမျိုးသားအစည်းအရုံးမှ ခိုင်မာစွာယုံကြည်ထားသည်။ ထိုသို့သော ငြိမ်းချမ်းရေးကို တိုင်းရင်းသားလူမျိုးစုအသီးသီး ကိုယ်စားလှယ်များပါဝင်သော တိုင်းရင်းသားလူမျိုးများဖယ်ဒရယ်ကောင်စီ (UNFC) နှင့် မြန်မာအစိုးရတို့ကြား စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးဖြင့်သာ ရရှိနိုင်လိမ့်မည်ဖြစ်သည်။

"မြန်မာအစိုးရအနေနဲ့ ကရင်ပြည်သူတွေအပေါ် သက်ရောက်မှုရှိတဲ့ ဆုံးဖြတ်ချက်တွေချတဲ့အခါ သူတို့တွေရဲ့ ထိထိရောက်ရောက် ပူးပေါင်းပါဝင်ခွင့်ကို အသိအမှတ်ပြုရပါမယ်။ ဒီဟာက သူတို့ရဲ့ကိုယ်ပိုင်ပြဌာန်းခွင့် အကောင်အထည် ပေါ်လာဖို့အတွက်နဲ့ အားလုံးပါဝင်ပြီး တရားမျှတတဲ့ လူ့အသိုင်းအဝိုင်းတစ်ခု ပေါ်ထွန်းလာဖို့အတွက် အခြေခံကျပြီး မရှိမဖြစ်လိုအပ်ပါတယ်" ဟု KNU တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) စောလှငွေမှ ပြောသည်။

သို့သော် ထိုသို့သော တွေ့ဆုံဆွေးနွေးရေး စတင်ပေါ်ပေါက်လာရန်အတွက် အပစ်အခတ်ရပ်စဲရေးသည် ကနဦးလိုအပ်ချက် ဖြစ်သည်ဟု KNU ကရင်အမျိုးသားအစည်းအရုံးမှ အသိအမှတ်ပြုလက်ခံထားသည်။ နှစ်ဘက်စလုံး၏ စစ်တပ်ဖြန့်ကြက်ရန် ဆက်လက်ကြိုးပမ်းမှုများသည် ကရင်ပြည်နယ်ရှိ လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းရာတွင် အတားအဆီးများ မုချဖြစ်စေလိမ့်မည်။ ထို့ကြောင့် တူညီသော နိုင်ငံတော်တည်ထောင်ရေးပန်းတိုင်များ နှင့်အညီ ယုံကြည်မှုတည်ဆောက်လိုသော စိတ်နှလုံးဖြင့် KNU ကရင်အမျိုးသားအစည်းအရုံးမှ မြန်မာအစိုးရအား

- KNU အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေများအတွင်း ကျေးရွာများအနီးရှိ ၎င်းတို့၏ တပ်များအားလုံးကို ချက်ချင်း ပြန်လည်ရုပ်သိမ်းပေးရန်
- တပ်အင်အားလျှော့ချပေးရန်နှင့် တိုင်းရင်းသားဒေသများသို့ တပ်သားများနှင့်ထောက်ပံ့ပစ္စည်းများ ထပ်မံပို့ဆောင်ခြင်းကို ချက်ချင်းရပ်တန့်ရန်
- နိုင်ငံရေးအကျဉ်းသားများအဖြစ် ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားသော KNU အဖွဲ့ဝင်များနှင့် ကရင်ပြည်သူများအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန်နှင့်
- ကချင်ပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများအားလုံးတွင် စစ်ဆင်ရေးပြုလုပ်မှုများ ချက်ချင်းရပ်တန့်ရန်တောင်းဆိုပါသည်။

ဤခိုင်မာသော လုပ်ဆောင်မှုများက ကရင်ပြည်နယ်နှင့် မြန်မာတစ်နိုင်ငံလုံး ရေရှည်တည်မြဲသော ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် ရောက်ရှိစေရေးအတွက် KNU ကရင်အမျိုးသားအစည်းအရုံးကို အစိုးရနှင့် ကနဦးနိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု စတင်လုပ်ဆောင်နိုင်ရန် လမ်းဖွင့်ပေးလိမ့်မည်ဖြစ်သည်။

***ဆက်သွယ်ရန်*** – *စောလှငွေ (+၆၆ ၈၇၀၆၁၆၃၂၅)*